(၆) ကျင်ကြီးခွက် ကျင်ငယ်ခွက် (ကျင်ကြီးပေါက် ကျင်ငယ်မြောင်း) တို့၏ ဘေး၌ မရောက်စေဘဲ ခွက်တဲ့တဲ့ အပေါက်တဲ့တဲ့)ကျအောင် စွန့်ပါ။

(၇) ကျင်ငယ်မြောင်း(ကျင်ငယ်ခွက်)ထဲ၌ နှပ် တံတွေးကို မသွစ်-မထွေးပါနှင့်။

(၈) ကြမ်းသော ပုပ်သော ဆွေးသော ကနုတ် (ဒုတ်ချောင်း) ဖြင့် မသုတ်ပါနှင့်၊ သုတ်ပြီး ကနုတ်ကို ကျင်ကြီးတွင်း (ကျင်ကြီးခွက်) ထဲ၌ မကျပါစေနှင့်။

(၉) ဖင်ဆေးရေကို "သန့်သက်ရေ" ဟု ခေါ်၏၊ ထိုသန့်သက်ရေကို ရှေးခေတ်၌ ကုဋိအတွင်း မထားဘဲ သီးခြားအခန်းမှာ ထားသည်။ ယခုခေတ်၌ကား ကျင်ကြီးစွန့်ရာ အခန်းမှာပင် ထားသည်၊ ထို သန့်သက်ရေ ဆေးသောအခါ အသံမမြည်အောင် ဆေးပါ၊ သန့်သက်ရေခွက်ထဲ၌ ရေကို ချန်မထားခဲ့ပါနှင့်။ (ခွက်ကို မှောက်ထားပါ။)

(၁၀) ကျင်ကြီးစွန့်ပြီးသောအခါ ခြေနင်းခုံပေါ်၌ ရပ်နေတုန်းမှာပင် ပင့်ထားသော သင်းပိုင်ကို ချလိုက်ပါ၊ သင်းပိုင် (မ) လျက် ကုဋိပြင်ဘက်သို့ မထွက်ခဲ့ပါနှင့်။

(၁၁) ကုဋိ၌ ကျင်ကြီးပေနေလျှင် ရေဖြင့် ဆေးပါ၊ ကနုတ်ပုံး ပြည့်နေလျှင် ကနုတ်များကို အပြင်ဘက် သင့်တော်သော နေရာ၌ စွန့်ပစ်ပါ၊ ကုဋိ၌ အမှိုက်ရှုပ်နေလျှင် တံမြက်လှည်းပါ၊ သန့်သက်ရေအိုး၌ ရေမရှိလျှင် ရေထည့်ပါ။